Public Disclosure Authorized
Public Disclosure Authorized
Public Disclosure Authorized
Public Disclosure Authorized

မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု

စာတမ်းတို အမှတ်(၄)

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်

**မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု (MYANMAR COVID-19 MONITORING)** ကို မြန်မာနိုင်ငံ၊ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ၏ အကူအညီဖြင့် ကမ္ဘာ့ဘဏ်၏ ဆင်းရဲနွမ်းပါးမှုနှင့် သာတူညီမျှမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (POVERTY AND EQUITY GLOBAL PRACTICE)နှင့် မေခရိုစီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (MACRO, TRADE AND INVESTMENT GLOBAL PRACTICE) တို့မှ အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက်များဆိုင်ရာ နောက်ဆုံးရအချက်အလက်များကို ပုံမှန်ပံ့ပိုးပေးနိုင်ရန် လစဉ်ကောက်ယူလျက်ရှိသော အိမ်ထောင်စုနှင့် စီးပွားရေးလုပ်ငန်း စစ်တမ်းတစ်ခုကို အခြေခံကာ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (SOCIAL DEVELOPMENT GLOBAL PRACTICE) မှ ဦးဆောင်ကောက်ယူသော ရပ်ရွာစစ်တမ်းတစ်ခုကိုလည်း ထည့်သွင်းထားပါသည်။ မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှုကို ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးမှုဌာန၊ ကိုရီးယားနိုင်ငံအစိုးရ၊ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနတို့မှ စုပေါင်းထည့်ဝင်သော စာရင်းအင်းစွမ်းရည်မြှင့်တင်ရေးရန်ပုံငွေ (TRUST FUND FOR STATISTICAL CAPACITY BUILDING – TFSCBIII) မှ ကူညီပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံအစိုးရ၊ ဒိန်းမတ်နိုင်ငံအစိုးရ၊ ဖင်လန်နိုင်ငံအစိုးရနှင့် ဆွီဒင်နိုင်ငံအစိုးရတို့မှလည်း ထပ်ဆောင်းပံ့ပိုးကူညီထားပါသည်။

အီးမေးလ် → MYANMAR@WORLDBANK.ORG

THE WORLD BANK
IBRD • IDA

MYANMAR CSO

# ကြိမ်နှုန်းမြင့် အိမ်ထောင်စု စောင့်ကြည့်လေ့လာမှုမှ သတင်းအချက်အလက်များ

## ဒုတိယအကြိမ်စောင့်ကြည့်လေ့လာမှုမှ ရလဒ်များအနှစ်ချုပ်

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်မှ ၂၆ ရက်နေ့အထိ



## အဓိကသတင်းစကားများ

ဤစာတမ်းတိုတွင် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးမှ ကျပန်းရွေးချယ်ထားသော အိမ်ထောင်စုပေါင်း ၁,၅၀၀ ကို စစ်တမ်း ရှစ်ကြိမ်ကောက်ယူမည့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော စစ်တမ်း၏ ဒုတိယအကြိမ်မှ အဓိက တွေ့ရှိချက်များကို တင်ပြထားပါသည်။ စစ်တမ်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၈ ရက်မှ ၂၆ ရက်အကြားတွင် ဖြေဆိုသူများထံ မိနစ် ၂၀ ကြာ ဖုန်းဖြင့် မေးမြန်း၍ ကောက်ယူခဲ့ပါသည်။

၁




အလုပ်အကိုင်ရှိမှုများ များစွာ တိုးတက်လာသော်လည်း ၂၀၂၀ ပြည့်နှစ် မတ်လအတွင်းက ရှိခဲ့သည့် အလုပ်အကိုင်ရှိမှု အဆင့်များသို့ ပြန်လည်ရောက်ရှိခြင်း မရှိသေးပါ။ မတ်လအတွင်းက အလုပ်လုပ်ခဲ့သည့် အိမ်ထောင်စုများ၏ အဓိကလုပ်သားများအားလုံးသည် ဇွန်လတွင် အလုပ်လုပ်နေခြင်း မရှိသေးပါ။ မတ်လတွင် အလုပ်လုပ်ခဲ့သူများ၏ ၃၅ ရာခိုင်နှုန်းသည် မေလတွင် အလုပ်နားခဲ့ရပြီး ဇွန်လအထိ မည်သည့် အလုပ်အကိုင်မျှ ပြန်မစသေးပါ။

၂



မိသားစုအား အဓိက ရှာဖွေကျွေးမွေးနေသူများ၏ ဝင်ငွေများသည် ၂၀၂၀ ပြည့်နှစ် မတ်လမတိုင်မီကထက် ပို၍နည်းပါးနေဆဲ ဖြစ်သည်။

၃



စားနပ်ရိက္ခာဖူလုံရေးအတွက် စိုးရိမ်ပူပန်မှုများမှာ တိုးပွားလာပါသည်။ အိမ်ထောင်စုများ၏ ၁၈ ရာခိုင်နှုန်းသည် လွန်ခဲ့သော ရက် ၃၀ အတွင်း လုံလောက်သည့် စားစရာ ရရှိရေးနှင့်ပတ်သက်သော အနည်းဆုံး အခက်အခဲတစ်ခု ကြုံတွေ့ခဲ့ရသည်ဟု ဆိုပါသည်။ အဆင်းရဲ အနွမ်းပါးဆုံး အိမ်ထောင်စုများ၏ ၄၀ ရာခိုင်နှုန်းကျော်သည် အစားအစာ စားသုံးမှုကို လျှော့ချစားသုံးနေရပါသည်။ အဆင်းရဲ အနွမ်းပါးဆုံး အိမ်ထောင်စုငါးစုတွင် တစ်စုသည် အစိုးရထံမှ စားနပ်ရိက္ခာ အကူအညီများ လက်ခံရရှိပါသည်။

**မြန်**မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု (Myanmar COVID-19 Monitoring Platform) တွင် အစီရင်ခံ တင်ပြ ခဲ့သော ပထမအကြိမ်စောင့်ကြည့်လေ့လာမှုမှ ရလဒ်များအရ ၂၀၂၀ ပြည့်နှစ် မတ်လနှင့် မေလအကြားတွင် အလုပ်အကိုင်များအပေါ် သက်ရောက်မှုများသည် ကြီးမားခဲ့ပါသည်။ အိမ်ထောင်စုများ၏ အဓိကလုပ်သားထက်ဝက်ကျော်သည် သဘောဆန္ဒအလျောက် မဟုတ်ဘဲ အလုပ်နားခဲ့ရပြီး အလုပ်ဆက်လုပ်နေသူများ၏ ထက်ဝက်ကျော်သည်လည်း ဝင်ငွေများ လျော့နည်းသွားပါသည်။ အိမ်ထောင်စုများသည် ဝင်ငွေရရှိနိုင်မည့် နည်းလမ်းအမျိုးမျိုးကို ရွေးချယ်လုပ်ကိုင်နိုင်စွမ်း လျော့နည်းသွားပြီး အချို့ဆိုလျှင် စားရေးသောက်ရေးအတွက်ပင် ရုန်းကန်ခဲ့ရပါသည်။ အစိုးရထံမှ အကူအညီများသည် အိမ်ထောင်စုများ၏ ၁၅ ရာခိုင်နှုန်းခန့်ဆီသို့ ရောက်ရှိခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ မြန်မာနိုင်ငံတွင် ခာတ်ခွဲအတည်ပြုလူနာ ၂၉၃ ဦးနှင့် သေဆုံးသူ ၆ ဦးသာ ရှိခဲ့ပြီး အသွားအလာ ကန့်သတ်မှုအစီအမံများကို တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးခဲ့သောကြောင့် အစောပိုင်းမှ တွေ့ရှိချက်များကို နောက်ဆုံးရ အချက်အလက်များဖြင့် ထပ်မံဖြည့်စွက် ပြင်ဆင်နိုင်ရန် ၂၀၂၀ ပြည့်နှစ် ဇွန်လမှာ အချက်အလက်များကို စုဆောင်းခဲ့ပါသည်။ မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) နှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ဒုတိယအကြိမ်စစ်တမ်းကို ကောက်ယူခဲ့ရာ ပထမအကြိမ်မှ ဖြေကြားခဲ့သူများထံ ထပ်မံဆက်သွယ်မေးမြန်းခဲ့ပါသည်။ မူလက ဖြေဆိုခဲ့သူ လေးဦးတွင် တစ်ဦးအား စစ်တမ်းကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ အခြားဖြေဆိုသူများနှင့် အစားထိုးခဲ့ပါသည်။ ဤစစ်တမ်းအသစ်တွင် ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးအကျပ်အတည်း၏ အလုပ်အကိုင်ရရှိမှုအခြေအနေများ၊ စားနပ်ရိက္ခာဖူလုံမှုအပေါ် သက်ရောက်မှုများနှင့် စီမံခန့်ခွဲဖြေရှင်းမှုနည်းလမ်းများကို ဆက်လက်စောင့်ကြည့်လေ့လာနိုင်ခဲ့ပါသည်။

လုပ်သားဈေးကွက်အတွင်းတွင် အားတက်ဖွယ်ရာ လက္ခဏာအချို့ကို တွေ့မြင်ရပါသည်။ အလုပ်ရပ်နားထားရသော အိမ်ထောင်စုများ၏ အဓိကလုပ်သားများသည် ၂၀၂၀ပြည့်နှစ် မေလ (၅၄ ရာခိုင်နှုန်း) နှင့် နှိုင်းယှဉ်လျှင် ဇွန်လ (၂၄ ရာခိုင်နှုန်း) တွင် ပိုနည်းသွားပါသည်။ မေလနှင့် ဇွန်လတွင် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ (ပုံမှန်စောင့်ကြည့်လေ့လာနေသည့် အိမ်ထောင်စုများ)တွင် အဓိကလုပ်သားများ၏ ၁၉ ရာခိုင်နှုန်းသည် မတ်နှင့် မေလအတွင်းတွင် အလုပ်ရပ်နားခဲ့ရသော်လည်း ဇွန်လတွင် အလုပ်များ ပြန်လည်လုပ်ကိုင်နေပြီ ဖြစ်ပါသည်။ မတ်လက လုပ်ကိုင်ခဲ့သော ကဏ္ဍတွင်ပင် ပြန်လည်လုပ်ကိုင်နိုင်မှုနှုန်းသည် စိုက်ပျိုးရေးလုပ်ငန်းများအား လုပ်ကိုင်ခဲ့ကြသူများအကြားတွင် အမြင့်မားဆုံး (၉၅ ရာခိုင်နှုန်း) ဖြစ်ပါသည်။ အိမ်ထောင်စုများ၏ အဓိကလုပ်သားတစ်ဆယ့်သုံးရာခိုင်နှုန်းသည်လက်လီရောင်းဝယ်ရေးကဏ္ဍတွင် လုပ်ကိုင်ခဲ့ပြီး ၎င်းတို့ထဲက သုံးပုံနှစ်ပုံကျော်သည် ထိုကဏ္ဍတွင်ပင် အလုပ်များ ပြန်လည်လုပ်ကိုင်နိုင်ကြပါသည်။

## ၂၀၂၀ ပြည့်နှစ် မေလနှင့် ဇွန်လအတွင်းရှိ အလုပ်အကိုင်အခြေအနေ (၂၀၂၀ ပြည့်နှစ် မတ်လမတိုင်မီက အလုပ်ရှိခဲ့သော ပုံမှန်စောင့်ကြည့်လေ့လာနေသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းအဖြစ် ဖော်ပြခြင်း)




**အလုပ်အကိုင်ရှိမှုများ မြင့်တက်လာသည့်တိုင် ဝင်ငွေဆုံးရှုံးမှုများမှာ နေရာအနှံ့ ဖြစ်ပေါ်နေဆဲ ဖြစ်ပါသည်။** အိမ်ထောင်စုများ၏ ဝင်ငွေသည် ကိုဗစ်-၁၉ မဖြစ်ပွားမီ ၂၀၂၀ ပြည့်နှစ် မတ်လအရှေ့ပိုင်းတွင် ရရှိခဲ့သည့် ဝင်ငွေအဆင့်များသို့ ပြန်လည်ရောက်ရှိလာခြင်း မရှိသေးပါ။ အိမ်ထောင်စုများ၏ အဓိကလုပ်သားများထဲတွင် သုံးပုံတစ်ပုံသည် ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ရည်ညွှန်းကာလ[1]နှင့် နှိုင်းယှဉ်လျှင် ဝင်ငွေများ ကျဆင်းသွားသည်ဟု ဆိုပါသည်။ ဤသည်မှာ မေလတုန်းက ဝင်ငွေကျဆင်းသွားသည်ဟုဆိုသူ အချိုးအစားထက် ပိုနည်းပါသည်။ သို့သော် တွေ့ရှိချက်များက ဝင်ငွေကျဆင်းမှုများ ဆက်လက်ဖြစ်ပွားနေခြင်းကို ညွှန်ပြနေသဖြင့် စိတ်ပျက်အားလျော့ဖွယ် ကောင်းနေပါသည်။ ပုံမှန်စောင့်ကြည့်လေ့လာနေသော အိမ်ထောင်စုများ (panel households) မှ အဓိကလုပ်သားအများစုသည် မတ်လနှင့် မေလအကြားတွင် ဝင်ငွေကျဆင်းမှုများကို တွေ့ကြုံခံစားခဲ့ရပြီး ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် မတ်လနှင့် မေလအကြားက ဝင်ငွေကျဆင်းမှုများ ကြုံတွေ့ခဲ့ရသည့် ထိုအိမ်ထောင်စုများ၏ ထက်ဝက်နီးပါးသည် ဇွန်လတွင်လည်း မေလက ၎င်းတို့ရရှိခဲ့သည့် ဝင်ငွေအဆင့်များအတိုင်းသာ ဆက်လက်ရရှိနေပါသည်။ ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဇွန်လအကြားတွင် ကဏ္ဍများအားလုံးရှိ လုပ်သားများ၏ ၅၀ ရာခိုင်နှုန်းနှင့် ၆၈ ရာခိုင်နှုန်းအကြားသည် ဝင်ငွေများ လျော့နည်းသွားခဲ့ကြပါသည်။ အစိုးရဝန်ထမ်းများ ပါဝင်သည့် "အခြားဝန်ဆောင်မှုများ"တွင် လုပ်ကိုင်နေသူများသာလျှင် ဝင်ငွေတည်ငြိမ်မှု ပိုရှိကြောင်း ထပ်မံတွေ့ရှိရပါသည်။

**အိမ်ထောင်စုစီးပွားရေးလုပ်ငန်းများသည် ဝင်ငွေကျဆင်းမှုပြဿနာကို ဆက်လက်ရင်ဆိုင်နေရပါသည်။** ရည်ညွှန်းကာလနှင့် နှိုင်းယှဉ်လျှင် အိမ်ထောင်စုစီးပွားရေးလုပ်ငန်းများ[2]၏ ၄၀ ရာခိုင်နှုန်းသည် ဇွန်လတွင် ဝင်ငွေပိုနည်းသွားကြောင်း သို့မဟုတ် လုံးဝမရှိကြောင်း ပြောပါသည်။ ယေဘုယျအားဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လနှင့် မေလအကြားတွင် ဝင်ငွေဆုံးရှုံးခဲ့ကြသည့် စီးပွားရေးလုပ်ငန်းများ၏ ၈၅ ရာခိုင်နှုန်းကျော်သည် ဇွန်လတွင်လည်း အခြေအနေတိုးတက်လာခြင်းမရှိဘဲ မေလက ဝင်ငွေအတိုင်းသာ ဆက်လက်ရရှိနေကြသည် (စီးပွားရေးလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်း) သို့မဟုတ် ထပ်မံ၍ပင် လျော့သွားသည် (စီးပွားရေးလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်း) ဟုဆိုပါသည်။ အထူးသဖြင့် လက်လီရောင်းဝယ်ရေးကဏ္ဍရှိ အိမ်ထောင်စု စီးပွားရေးလုပ်ငန်းများသည် အလွန်ခက်ခဲသည့်အခြေအနေကို ရင်ဆိုင်နေရပါသည်။ အိမ်ထောင်စုဆယ်စုတွင် ရှစ်စုသည် ၂၀၂၀ ပြည့်နှစ် မတ်လနှင့် မေလအကြား ဝင်ငွေနည်းပါး သို့မဟုတ် လုံးဝ မရှိကြဘဲ မေလနှင့် ဇွန်လအကြားတွင်လည်း ပြန်လည်နာလန်ထူလာသည့်လက္ခဏာ မတွေ့ရပါ။ တစ်ကိုယ်ရေ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများသည်လည်း အလားတူပင် ဖြစ်ပါသည်။ သို့သော် ထိုလုပ်ငန်းများ၏ ပိုမိုနည်းပါးသော ရာခိုင်နှုန်းတွင်သာ ပြန်လည်နာလန်ထူလာသည့် လက္ခဏာ မရှိခြင်းကို တွေ့ရပါသည်။

**ဤအခြေအနေတွင် အိမ်ထောင်စုများသည် ဝင်ငွေဆုံးရှုံးမှုများကို ရင်ဆိုင်ကျော်လွှားရန်အတွက် ၎င်းတို့၏ စားသုံးမှုများကို လျှော့ချခြင်းနှင့်/သို့မဟုတ် လုံလောက်သော စားစရာရရှိရေး အခက်အခဲများ ရင်ဆိုင်ရခြင်းတို့ ရှိလာသဖြင့် စားနပ်ရိက္ခာဖူလုံရေးသည် စိုးရိမ်ပူပန်စရာကိစ္စအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ပါသည်။** ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်းတွင်ပင်လျှင် အိမ်ထောင်စုအများစုသည် ဆန်နှင့် အသားဓာတ် (ကြက်/ငါးပိ) တို့ကို ဝယ်ယူနိုင်စွမ်းရှိကြသော်လည်း အိမ်ထောင်စုများ၏ ၁၃ ရာခိုင်နှုန်းတွင် လွန်ခဲ့သည့် ရက် ၃၀ အတွင်းတွင် စားနေကျထက် လျှော့စားခဲ့ရသည့် အရွယ်ရောက်သူ အိမ်ထောင်စုဝင် အနည်းဆုံးတစ်ဦးရှိနေရာ ၁၁ ရာခိုင်နှုန်း ရှိခဲ့သည့် မေလက အခြေအနေနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ပုံမှန် စောင့်ကြည့်လေ့လာနေသည့် အိမ်ထောင်စုများ၏ ၄၂ ရာခိုင်နှုန်းတွင် မေလအတွင်းက အစားလျှော့စားခဲ့ရသည့် အရွယ်ရောက်သူ အိမ်ထောင်စုဝင် အနည်းဆုံးတစ်ဦးရှိသည်ဟုဆိုပြီး ဇွန်လတွင်လည်း အလားတူပင် ထပ်မံပြောပြပါသည်။ အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များသည် စားနပ်ရိက္ခာ အကူအညီများ[3] ပံ့ပိုးခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်းတွင် အိမ်ထောင်စုများ၏ ၂၃ ရာခိုင်နှုန်းသည် ထိုအကူအညီများကို လက်ခံရရှိခဲ့ပါသည်။

**ရေရှည်တွင် ဆိုးကျိုးသက်ရောက်မှုများ ပေါ်ပေါက်နိုင်ခြေရှိသည့် စီမံခန့်ခွဲဖြေရှင်းမှုနည်းလမ်းများကို မှီခိုအားထားမှု ပိုများသော မြန်မာနိုင်ငံ၏ အဆင်းရဲအနွမ်းပါးဆုံးသူများထဲမှ အချို့ထံ အစိုးရမှ ပေးအပ်သော အကူအညီများ ရောက်ရှိခဲ့ပါသည်။** အကျပ်အတည်း စတင်ဖြစ်ပွားလာချိန်နောက်ပိုင်းတွင် အစိုးရသည် အိမ်ထောင်စုများကို ကူညီထောက်ပံ့သည့် အစီအစဉ်နှစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။ စားနပ်ရိက္ခာအကူအညီများ ပေးအပ်ခြင်းနှင့် ဧပြီလမှ ဇွန်လအထိ လျှပ်စစ်မီတာခများအား ပထမယူနစ် ၁၅၀ သုံးစွဲမှုအတွက် အပြည့်အဝ ကင်းလွတ်ခွင့်ပေးခြင်း ဖြစ်ပါသည်။ တစ်ကြိမ်တစ်ခါ ပေးအပ်သော ငွေသားထောက်ပံ့ကြေး အစီအစဉ်များ ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ဆဲဖြစ်သည့် အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့မှုအစီအစဉ်များတွင် ထောက်ပံ့ကြေးများ တိုးမြှင့်ပေးခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။ ပို၍ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများသည် အစိုးရ၏ စားနပ်ရိက္ခာအကူအညီများကို ရရှိနိုင်ခြေပိုများပါသည်။ လူဦးရေကို လူမှုဘဝဖူလုံပြည့်စုံမှု အဆင့်အလိုက် တူညီစွာ စိတ်ပိုင်းထားသော ငါးစိတ်ပိုင်းများ[4]ထဲမှ အောက်ဆုံးငါးစိတ်ပိုင်းအတွင်းရှိ အိမ်ထောင်စုများ၏ ၁၉ ရာခိုင်နှုန်းသည် အကူအညီများကို လက်ခံရရှိပြီး ထိပ်ဆုံးငါးစိတ်ပိုင်းထဲမှ အိမ်ထောင်စုများတွင် ၁၄ ရာခိုင်နှုန်းကသာ အကူအညီများ လက်ခံရရှိပါသည်။ သို့သော် အစိုးရ၏ ကူညီထောက်ပံ့မှုများသည် ယေဘုယျအားဖြင့် ဆင်းရဲနွမ်းပါးသူများကို ဦးစားပေးမှု မရှိခဲ့ပါ။ ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ လျှပ်စစ်ခတ်အား အခမဲ့ရရှိသည်ဟုဆိုသော အိမ်ထောင်စုများသည် ထိပ်ဆုံး ငါးစိတ်ပိုင်းအတွင်းတွင် ၃၁ ရာခိုင်နှုန်းရှိပြီး အောက်ဆုံး ငါးစိတ်ပိုင်းအတွင်းတွင် ၁၇ ရာခိုင်နှုန်းသာလျှင်ရှိရာ ဆင်းရဲနွမ်းပါးသူများ တစ်ပန်းရှုံးနေသည့် လက်လှမ်းမီမှုနှင့် စားသုံးမှုပုံစံများ ရှိနေသည်ကို ညွှန်ပြနေပါသည်။ ခြုံကြည့်မည်ဆိုလျှင် အောက်ဆုံး ငါးစိတ်ပိုင်းအတွင်းရှိ အိမ်ထောင်စုများ၏ ကြီးမားသော ရာခိုင်နှုန်းသည် အစားလျှော့စားခြင်း၊ စုဆောင်းငွေများ အသုံးပြုခြင်း သို့မဟုတ် မိသားစုနှင့် မိတ်ဆွေများထံမှ ငွေချေးခြင်း နည်းလမ်းများဖြင့် ကိုဗစ်-၁၉ အကျပ်အတည်းကို စီမံခန့်ခွဲကျော်လွှားကြပါသည်။ အဆိုပါ နည်းလမ်းများ အသုံးပြုခြင်းသည် အာဟာရ၊ ပညာရေးနှင့် အခြား နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုများကို ထိခိုက်စေပြီး ရေရှည်တွင် လူသားအရင်းအနှီးဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုများ ရှိနိုင်ပါသည်။

## အောက်ပါတို့ကို ကြုံတွေ့ရပြီးနောက် ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း ဝင်ငွေအပြောင်းအလဲများ ...




၁ သီးခြားဖော်ပြချက်မရှိလျှင် မေလနှင့် ဇွန်လအကြား တွေ့ဆုံမေးမြန်းခဲ့သည့် အိမ်ထောင်စုများ (ပုံမှန်စောင့်ကြည့်လေ့လာနေသော အိမ်ထောင်စုများ) အတွက် နှိုင်းယှဉ်ရန် ရည်ညွှန်းကာလမှာ မေလ ဖြစ်ပါသည်။ ဇွန်လမှ စတင်တွေ့ဆုံမေးမြန်းခဲ့သော အိမ်ထောင်စုများ (အစားထိုးအိမ်ထောင်စုများ) အတွက် နှိုင်းယှဉ်ရန် ရည်ညွှန်းကာလမှာ မတ်လ ဖြစ်ပါသည်။ ဤနည်းသည် ကိုဗစ်-၁၉ နှင့် ဆက်နွယ်သော စီးပွားရေးအပြောင်းအလဲများကို ပိုမိုထိရောက်စွာ အမိအရ မှတ်တမ်းတင်နိုင်စေပါသည်။

၂ ကျွန်ုပ်တို့ အသုံးပြုသော အဓိပ္ပါယ်ဖွင့်ဆိုချက်အရ အိမ်ထောင်စုစီးပွားရေးလုပ်ငန်းတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများ (လယ်မြေများ ထွန်ယက်ခြင်း၊ သီးနှံများ စိုက်ပျိုးခြင်း၊ တိရစ္ဆာန်မွေးမြူခြင်း သို့မဟုတ် ငါး/ပုစွန်/ဂဏန်း မွေးမြူခြင်း) မပါဝင်ပါ။

၃ စစ်တမ်းဒီဇိုင်းသည် မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်ပေးနေသည့် စားနပ်ရိက္ခာထောက်ပံ့မှု အစီအစဉ်အမျိုးမျိုးကို ခွဲခြားကောက်ခံခဲ့ခြင်း မရှိကြောင်း သတိပြုစေလိုပါသည်။

၄ လူမှုဘဝဖူလုံပြည့်စုံမှု ငါးစိတ်ပိုင်းများအား တန်ဖိုးများ အစားထိုးတွက်ချက်သည့် နည်းစနစ် (imputations) တစ်ခုထက်မကနှင့် အဆင့်လိုက်တွက်ချက်သည့် regression များ အသုံးပြု၍ ခန့်မှန်းထားသော စုစုပေါင်းစားသုံးမှုဖြင့် တိုင်းတာပြီး consumption distribution တစ်ခုလုံးကို imputation များဖြင့် continuous interval ငါးခုအဖြစ် စိတ်ပိုင်းထားပါသည်။